နှစ်ပေါင်းများစွာ တရုတ်ပြည်သည်
သူကိုယ်သူ ဗဟိုမင်းနေပြည်အဖြစ် မှတ်ထင်ရင်း
အိပ်မောကျနေရာမှ
ယခုတော့ နိုးထလာခဲ့ပြီ။

ပေကျင်းအိုလံပစ်ကို စီးမွားရေး
အကျယ်အဝန်းက အနောက်နိုင်ငံများအား
ဆုတ်ဖြဲမပြုနေချိန်တွင် ကျင်းပခဲ့ခြင်း
ဖြစ်သည်။ ပေကျင်းအိုလံပစ်သည်
သာမန်အားကစားပွဲမဟုတ် တရုတ်ပြည်
ပြန်လည်နိုးထလာမှုကို ဖော်ပြခြင်းအဖြစ်
မှတ်ယူကြသည်။ ဖွင့်ပွဲအခမ်းအနားမှာ
သင်္ကေတဆန်သည်။ ကျယ်ပြန့်သော
ကစားကွင်းမှ မီးများကို အမှောင်ချထားသည်။
နှစ်၏ ရှစ်လမြောက်လ ရှစ်ရက်
ရှစ်နာရီ ရှစ်မိနစ် မင်္ဂလာအချိန် အတိအကျတွင်
ဗုံပေါင်းနှစ်ထောင်က တီးတ်ဆီတ်ခြင်းကို
တစ်သံတည်းမြည်ခြင်းကာ ဆယ်မိနစ်ကြာအောင်
တီးခတ်နေသည်မှာ "ငါတို့ရောက်လာပြီ
ငါတို့ဟာ လောကနိယာမ တစ်ခုပဲ၊ လျစ်လျူရှုခံ
မလောက်လေးမလောက်စား သဘောထားခံ
မဟုတ်တော့၊ ငါတို့ရဲ့ လူမှုဖွံ့ဖြိုးမှုကို
ကမ္ဘာအား ထည့်ဝင်ပြည့်ဆည်းဖို့
ဖြင့်ဆင်ထားပြီ" ဟု ပြောနေသလိုရှိသည်။
တရုတ်နိုင်ငံ၏ ရှည်လျားလှသော ၁၉ရာစုနှစ်
ဟုခေါ်နိုင်သည့် အားနည်းမှုနှင့်
မအောင်မြင်မှုတို့သည် တရားဝင် ပိတ်သိမ်း
သွားခဲ့ပြီ။ ပေကျင်းသည် ကမ္ဘာ့ဗဟိုချက်
ပြန်ဖြစ်လာခဲ့ပြီ။ သူ၏ လူမှုတိုးတက်မှုသည်
အံ့ဩ လေးစားမှုတို့၏ ဆုံချက် ဖြစ်လာခဲ့ပြီ။

တရုတ်၏ အချိုးအကွေ့ အတက်အကျ များလှသည့်
နှစ်ထောင်ချီသမိုင်းကို
ဤစာအုပ်တစ်အုပ်ထဲမှာ ဖတ်နိုင်ပြီ။

# မာတိကာ


| | | |
|---|---|---|
| | နိဒါန်း | ၁၁ |
| ၁။ | တရုတ်နိုင်ငံ၏ ဝိသေသ လက္ခဏာ | ၁၄ |
| ၂။ | "ကန်တော့" ပြဿနာနှင့် ဘိန်းစစ်ပွဲ | ၄၀ |
| ၃။ | စိန်မှန်ကင်းမှ ထင်းဘဝသို့ | ၆၀ |
| ၄။ | မော်၏ စဉ်ဆက်မပြတ်တော်လှန်ရေး | ၉၀ |
| ၅။ | သုံးပွင့်ဆိုင် သံခင်းတမန်ခင်းနှင့် ကိုရီးယားစစ်ပွဲ | ၁၁၃ |
| ၆။ | စူပါပါဝါနှစ်ဦးလုံးကို တရုတ်က ရင်ဆိုင်သည် | ၁၄၆ |
| ၇။ | ဘေးကျပ်နံကျပ် ဆယ်စုနှစ် | ၁၇၅ |
| ၈။ | ရင်ကြားစေ့ရေးလမ်း | ၁၉၅ |
| ၉။ | ဆက်ဆံမှုပြန်စခြင်း - မော်၊ ချူအင်လိုင်းတို့နှင့် ပထမအကြိမ်တွေ့ဆုံခြင်း | ၂၂၄ |
| ၁၀။ | ဟန်ပြမဟာမိတ် - မော်နှင့် စကားပြောခြင်း | ၂၅၉ |
| ၁၁။ | မော်ခေတ်အဆုံး | ၂၇၈ |
| ၁၂။ | ဖြိုလှဲဖျက်ဆီး၍ မရနိုင်သော တိန် | ၃၀၄ |
| ၁၃။ | ကျားမြီးဆွဲမိခြင်း (တတိယ ဗီယက်နမ်စစ်) | ၃၂၂ |
| ၁၄။ | ရေဂင်နှင့် ပုံမှန်ဖြစ်ရေး ပေါ်ထွန်းလာမှု | ၃၅၄ |
| ၁၅။ | တိန်အန်မင် | ၃၇၄ |
| ၁၆။ | ဘယ်လိုပြုပြင်ရေးမျိုးလဲ (တိန်၏ တောင်ပိုင်းခရီး) | ၄၀၂ |
| ၁၇။ | နောက်ထပ်ရင်ကြားစေ့ရေးသို့ ရှိလာကိုစတာ စီးနင်းခြင်း (ကျန်ဇီမင်းခေတ်) | ၄၀၉ |
| ၁၈။ | ထောင်စုနှစ်သစ် | ၄၄၃ |
| | နိဂုံး | |
| | သမိုင်းသည် သူ့ဘာသာ တစ်ပတ်ပြန်ကျော့သလား | ၄၇၀ |


၂။ ငန်းရိုင်းများ (ကျော်အောင်)
Wild Swan by Jiang Chun
၃။ နိုင်ငံတော်အကျဉ်းသား (ဘုန်းကြွယ်)
Prisoner of the state by Zhao Ziyang
၄။ တရုတ် မြန်မာ ဆက်ဆံရေး (စိန်ဝင်းစိန်)
၅။ တရုတ်အကြောင်း (မင်းကျော်စွာ)
On China by Henry Kissinger

တို့ကို ထုတ်ဝေခဲ့ပြီး အိန္ဒိယနိုင်ငံနှင့် ပတ်သက်၍
သန်းခေါင်ယံအိန္ဒိယလွတ်လပ်ရေး - (မင်းကျော်စွာ)
Freedom at Midnight by Larry Collins and Dominique Lapierre ကို ထုတ်ဝေထားပါသည်။

၃။

မူရင်းစာအုပ် (On China) သည် တရုတ်ပြည်နှင့် ပတ်သက်၍ အတော်ပြည့်ပြည့်စုံစုံ ရေးထားသောစာအုပ် ဖြစ်သည်။ တရုတ်ပြည်၏ နှစ်ထောင်ချီသမိုင်းကို အကြမ်းဖျင်းရေးရင်း တရုတ်၏ ယဉ်ကျေးမှု၊ တရုတ်၏ ဒဿန၊ တရုတ်စာပေအနုပညာ၊ တရုတ်၏ နိုင်ငံရေးခံယူချက်၊ တရုတ်၏ အိမ်နီးချင်းတို့အပေါ် သဘောထားစသည်ဖြင့် အသေးစိတ်သုံးသပ်ထားသည်။ တရုတ်ပြည်သည် သူ့ကိုယ်သူ 'ကမ္ဘာ့ဗဟိုချက်'ဟု ယူဆကာ ဘယ်သူနှင့်မှ ရောရောယှက်ယှက်မနေဘဲ နှစ်ပေါင်းများစွာ သီးခြားနေပုံ၊ အနောက်နိုင်ငံမှ ကုန်သည်သင်္ဘောများ ရောက်လာပုံ၊ ကုန်သွယ်ရေးကို အကြောင်းပြု၍ စစ်များဖြစ်ကြကာ တရုတ်နယ်မြေများကို အနိုင်ကျင့်ယူကြပုံ၊ ပြည်တွင်းစစ်ဖြစ်ပွားပြီး ကွန်မြူနစ်များ ပေါ်လာကာ နေရှင်နယ်လစ်များနှင့် ပဋိပက္ခဖြစ်ကြပုံ၊ ကွန်မြူနစ်များ အာဏာရလာပုံ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးသော်လည်း တရုတ်ပြည်သူတို့၏ ဒုက္ခမှာ မပြီးသေးပေ။ ယဉ်ကျေးမှုတော်လှန်ရေးဆိုတာကြီး ပေါ်လာပြီး တစ်တိုင်းပြည်လုံး ကသောင်းကနင်းဖြစ်ကြသည်။ ထို့နောက် နိုင်ငံရေး အချိုးအကွေ့များ၊ နန်းတွင်းအာဏာလုပွဲများ ဖြစ်ပွားပြီး တန့်ရှောင်ဖိန်အာဏာရလာကာ တရုတ်ပြည်၏ ခေတ်သစ်အစပျိုးလာခဲ့သည်။

စာရေးသူသည် တရုတ်ပြည်၏ နိုင်ငံရေးအချိုးအကွေ့များကို နောက်ခံ

ထား၍ လက်ရှိနှင့် အနာဂတ် တရုတ်အမေရိကန်ဆက်ဆံရေးကိုလည်း သုံးသပ်ထားပါသည်။

၄။

စာရေးသူ ဒေါက်တာကစ်ဆင်ဂျာသည် သမ္မတနစ်ဆင်နှင့် သမ္မတဂျရယ်ဖို့ဒ်လက်ထက်တွင် အမျိုးသားလုံခြုံရေး အကြံပေး၊ နိုင်ငံခြားရေးဝန်ကြီး စသည်ဖြင့် တာဝန်များ ထမ်းဆောင်ခဲ့သူဖြစ်သည်။ သမ္မတနစ်ဆင်၏ ညွှန်ကြားချက် ဖြင့် အမေရိကန် တရုတ်ဆက်ဆံရေး ပြန်လည်ဖြစ်ပေါ်ဖို့ ကြိုးပမ်းရာတွင် ဒေါက်တာကစ်ဆင်ဂျာ၏ စကားအပေးအယူ၊ ပြောပုံဆိုပုံတို့မှာ များစွာ အတုယူထိုက်သည်။ နိုင်ငံတကာဆက်ဆံရေးတွင် ပညာက ဘယ်လောက်အရေးကြီးသည် ဆိုသည်ကို ဤစာအုပ်က ပြနေပေသည်။

၅။

ဤစာအုပ်ကို ပြန်ဆိုရာ၌ မြန်မာလူငယ်လူလတ်များ အတုယူစရာရှိသည်ကို အတုယူပြီး ကိုယ့်ကိုယ်ကိုယ် တည်ဆောက်စေလိုသော ဆန္ဒဖြင့် ပြန်ဆိုပါသည်။ ကိုယ့်ကိုယ်ကိုယ် တည်ဆောက်သည်ဆိုသည်မှာ စာဖတ်ခြင်း၊ လက်တွေ့ပတ်ဝန်းကျင်လောကကို လေ့လာခြင်း၊ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ကာ ကိုယ့်နိုင်ငံရေးမြေသဘာဝနှင့် လိုက်လျောသော အခြေအနေတစ်ရပ်ကို ဖန်တီးဖော်ဆောင်နိုင်အောင် ကြိုးပမ်းခြင်းကို ဆိုလိုပါသည်။

၆။

ဤစာအုပ်ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းအားထုတ်ကြသည့် ဝါဝါဖြိုး၊ ဖူးမေခ၊ ဇင်ဇင် - ကျွန်တော့်ရုံးအဖွဲ့၊ ဖလင်ရိုက်၊ ပုံနှိပ်၊ ချုပ်၊ အဖွဲ့သားများ၊ စာဖတ်ပရိသတ်များ အားလုံးကို ကျေးဇူးတင်ပါကြောင်း။

မင်းကျော်စွာ